# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 30, 2020 Volume 33, Number 21


၃၀.၇.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၉ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၈၆၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၇၅/- ကျပ် |
| CBM Rate | = ၁၃၆၃.၇ ကျပ် |
| ယူရို တစ်ယူရို | = ၁၆၀၂.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၁.၁၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၇၁.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၉၇.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၃.၈၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၄.၇၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၂၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၁၁ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၁.၄၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၄၀၉ကျပ် |

၁၇၀Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ရန်ကုန်အနောက်ခြမ်းနှင့်မော်လမြိုင်တွင် စီးပွားရေးဇုန် စီမံကိန်းကြီးနှစ်ခု မကြာခင်မိတ်ဆက်မည်ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပြော

ရန်ကုန်မြို့အနောက်ခြမ်းနှင့်မော်လမြိုင်တွင် စီးပွားရေးဇုန်စီမံကိန်းကြီးနှစ်ခုကို မကြာခင်စတင် မိတ်ဆက်တော့မည်ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကပြောသည်။ ဇူလိုင် ၂၉ ရက်က ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် ‘Myanmar–Japan Investment Dialogue’ တွင် အတိုင်ပင်ခံပုဂ္ဂိုလ်က ဗီဒီယိုဖြင့် သတင်းစကားပြောစဉ် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ “သီလဝါရဲ့အောင်မြင်မှု အပေါ်မှာ ဆက်လက်တည်ဆောက်ရင်းနဲ့ ကျွန်မတို့အလုပ်အကိုင်အခွင့်အလမ်း အများကြီးဖန်တီးနိုင်မယ့် အဓိကစီမံကိန်းနှစ်ခုကို မကြာခင်ကြေညာရပါလိမ့်မယ်။ ဒါကတော့ ရန်ကုန်အနောက်ဘက်ကမ်းက စက်မှုဆိပ်ကမ်းစီမံကိန်းအသစ်နဲ့ မွန်ပြည်နယ်က စီးပွားရေးဇုန်စီမံကိန်းအသစ်ဖြစ်ပါတယ်။ မကြာခင်မှာ အသေးစိတ် ထပ်ကြေညာမှာပါ” ဟု ဒေါ်အောင်ဆန်းစုကြည်ကပြောသည်။ လက်ရှိတွင် Swiss Challenge ခေါ်ယူသည့် လုပ်ငန်းစဉ်ဆောင်ရွက်နေသည်ဟု အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောသည်။

မြန်မာနိုင်ငံတွင် ၂၀၁၆ ဧပြီ ကစတင်ပြီး ဂျပန်စီးပွားရေးလုပ်ငန်း ၃၄ ခုကို ခွင့်ပြုပေးခဲ့ပြီး ထိုလုပ်ငန်းများက အလုပ်အကိုင် ခြောက်သိန်းခွဲကျော်ကို ဖန်တီးနိုင်ခဲ့သည်ဟုပြောသည်။ အရည်အသွေးပြည့်ဝသည့် ရင်းနှီးမြှုပ်နှံမှုမရှိပါဘဲ အလုပ်အကိုင်ကောင်းများဖန်တီးနိုင်မည် မဟုတ်သည်ကို နားလည်ထားကြောင်း၊ အရည်အသွေးပြည့်ဝသည့် ရင်းနှီးမြှုပ်နှံမှုများကသာ အရည်အသွေးမြင့် အလုပ်အကိုင်များဖန်တီးပေးနိုင်ပြီး အဆင့်အတန်းမီ လစာရရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံက ဆောင်ရွက်နေသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (MSDP)၏ အဓိကသော့ချက်သည် အရည်အသွေးမြင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပင်ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ကပြောသည်။ ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံနေသည့် သီလဝါအထူးစီးပွားရေးဇုန်ကဲ့သို့ အောင်မြင်မှုများရရန် ထိုစီမံကိန်းနှစ်ခုကို လုပ်ဆောင်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်ဆံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကလည်း ရန်ကုန်မြို့သစ် စီမံကိန်းကို Swiss Challenge ခေါ်တော့မည်ဟုပြောသည်။ ရန်ကုန်မြို့အနောက်ဘက်ခြမ်းတွင် စက်မှုဥယျာဉ်မြို့တော်တစ်ခု ကို အကောင်အထည်ဖော်သွားမည်ဟုဆိုသည်။ ထို့နောက် မြန်မာနိုင်ငံကို မဟာမဲခေါင်ဒေသ အရှေ့အနောက်စီးပွားရေးစင်္ကြံကို ချိတ်ဆက်မည်ဖြစ်ပြီး ထိုအတွက် မွန်ပြည်နယ် အနောက်ကမ်းရိုးတစ်လျှောက်တွင် အထူးစီးပွားရေးဇုန်များကို ဖိတ်ခေါ်သွားမည်ဟု ဝန်ကြီးကပြောသည်။

အဆိုပါဆွေးနွေးပွဲကို ဂျပန် ပြည်ပကုန်သွယ်ရေးအဖွဲ့ (JETRO)က ဦးဆောင်ကျင်းပပြီး မြန်မာနိုင်ငံဘက်က ပြည်ထောင်စုဝန်ကြီးဦးသောင်းထွန်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆက်အောင်နှင့် ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် စီးပွားရေးလုပ်ငန်းရှင် ၈၀၀ ကျော်တက်ရောက်ခဲ့သည်။ ထိုဆွေးနွေးပွဲကို COVID– 19 ကပ်ရောဂါ အလွန်ကာလတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရန်၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းသစ်များ ဖော်ဆောင်နိုင်ရန်နှင့် မြန်မာ–ဂျပန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုပိုမိုခိုင်မာစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

**Source:** https://7day.news/detail?id=193964

## ဝန်ဆောင်မှုကဏ္ဍသစ်များနှင့် ပေါ်ထွက်လာမည့် ရန်ကုန်လက်ကားဈေးသစ်



လွန်ခဲ့သော နှစ်ပိုင်းများအတွင်းက ရန်ကုန်မြို့၏ ဟင်းသီးဟင်းရွက်လက်ကား ဈေးကြီးဖြစ်သော သီရိမင်္ဂလာဈေးကြီးကို အင်းစိန်မြို့နယ်ဘက်သို့ ပြောင်းရွှေ့ပေးခဲ့ သည်။ ထိုသို့ လက်ကားဈေးကြီးကို ကျယ်ဝန်းသည့်နေရာရှိသော မြို့နယ်များသို့ ပြောင်းရွှေ့ပေးခြင်းဖြင့် ယင်းနယ်အနီးတစ်ဝိုက်နေ ပြည်သူများအလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိလာနိုင်သလို အခြားတစ်ဖက်တွင်လည်း ရန်ကုန်မြို့လယ်၏ ယာဉ်ကြော ကျပ်တည်းမှုကို အထိုက်အလျောက် ဖြေလျှော့နိုင်ပေသည်။

ယခုအခါ ရန်ကုန်မြို့တော်သည် နိုင်ငံတကာအဆင့် ဖွံ့ဖြိုးမှုနောက်သို့ အမီလိုက်နေသော မြို့ကြီးတစ်မြို့ဖြစ်ရာ နိုင်ငံတကာအဆင့်မီ ကုန်စည်မျိုးစုံရောင်းချသော လက်ကားဈေးကြီးများလည်း လိုအပ်လျက်ရှိသည်။ ကျဉ်းမြောင်းသော လူသွားလမ်း၊ အသက်ရှူမဝသော ဆိုင်ခန်းငယ်များအခြေအနေမှ ကျယ်ဝန်းသောလျှောက်လမ်း၊ သပ်ရပ်သန့်ရှင်းသော ဈေးဆိုင်ခန်းများပါဝင်သည့် လက်ကားဈေးကြီးများ အမှန်တကယ်လိုအပ်နေသည်။ ထိုသို့သောအခြေအနေနှင့် တွေ့ဆုံနေရခိုက်ဝယ် စမားနီးယား ရန်ကုန်၏ လူမှုကွန်ရက်စာမျက်နှာသည် မထင်မရှားပေါ်ထွက်လာခဲ့သည်။ ရန်ကုန်မြို့တော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်နေသည့်အပြင် မိမိလိုလားတောင့်တ နေသောအရာတစ်ခုဖြစ်သည့်အတွက် စမားနီးယား ရန်ကုန်အကြောင်းကို လေ့လာဖြစ်ခဲ့သည်။ စမားနီးယားမားကတ်ကို Samanea Yangon Development Ltd မှ ဦးစီးလုပ်ကိုင်နေခြင်းဖြစ်သည်။ Samanea Yangon Development Ltd သည် စင်ကာပူနိုင်ငံအခြေစိုက် Samanea Group နှင့် မြန်မာနိုင်ငံအခြေစိုက် EI Co., Ltd. တို့ ပူးပေါင်းဖွဲ့စည်းထားသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။ Samanea Group အနေဖြင့် နိုင်ငံပေါင်း ၁၀ နိုင်ငံရှိ မြို့ပေါင်း ၁၃ မြို့တွင် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်နေသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ စမားနီးယားရန်ကုန်မားကတ်သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ပဲခူးမြစ်လမ်းနှင့်ရတနာလမ်းထောင့်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော လက်ကားဈေးသစ်စီမံကိန်းကြီးတစ်ခုဖြစ်သည်။

စမားနီးယားရန်ကုန်မားကတ် လက်ကားဈေးသစ်ကြီး ဆောက်လုပ်ရာနေရာသည် ရန်ကုန်ဆိပ်ကမ်းများ၊ သီလဝါ အထူးစီးပွားရေးဇုန်တို့နှင့် နီးကပ်သည့်အပြင် အမှတ်(၂) လမ်းမကြီးနှင့်လည်း အလွယ်တကူဆက်သွယ်နိုင်ရာ ပြည်တွင်းပြည်ပ သယ်ယူပို့ဆောင်ရေးအတွက် အချက်အချာကျသော နေရာတစ်ခုဖြစ်သည်။ "အဓိက က လက်ကားလုပ်ငန်းဖြစ်တဲ့အတွက် မြန်မာနိုင်ငံအနှံ့ မြို့အသီးသီးကို ကုန်ပစ္စည်းတွေရောက်သွားနိုင်ဖို့ အရေးကြီးပါတယ်။ ၂၀၁၇ ခုနှစ်လောက်ကတည်းက မြန်မာနိုင်ငံမှာ ဈေးကွက်လည်းရှာခဲ့သလို လေ့လာမှုတွေလည်းလုပ်ခဲ့တယ်။ လက်ရှိမြန်မာနိုင်ငံမှာ အခုလိုကြီးမားတဲ့၊ တည်ဆောက်မှုပုံစံလည်းကောင်းတဲ့၊ ကုန်ပစ္စည်းလည်းစုံတဲ့ လက်ကားဈေးကြီးမျိုးက မရှိသေးဘူးပေါ့။ အဲဒါကြောင့် ကျွန်တော်တို့က အခွင့်အလမ်းတစ်ခုအနေနဲ့ မြင်ထားပါတယ်။ ပြည်တွင်းမှာရှိတဲ့ ကုန်သည်တွေ၊ သူတို့ပတ်ဝန်းကျင်တွေအတွက် ပစ္စည်းစုံစုံလင်လင်ရနိုင်တဲ့ လက်ကားဈေးကြီးတစ်ခုရဖို့ ကျွန်တော်တို့ကြိုးစားခဲ့တယ်။ ကျွန်တော်တို့ လူကြီးတွေ ညှိနှိုင်းဆောင်ရွက်မှု အရ ၂၀၁၈ ခုနှစ်မှာစပြီးတော့ စမားနီးယား ရန်ကုန်မားကတ်ကို စတင်အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်" ဟု စမားနီးယား ရန်ကုန် ဒုတိယအထွေထွေမန်နေဂျာ ကိုအောင်မျိုးဦးက ဈေးသစ်စီမံကိန်းအကြောင်း ရှင်းပြသည်။

ရန်ကုန်မြို့၏ လက်ကားဈေးသစ်ကြီးကို စုစုပေါင်း မြေဧရိယာ ၁၆၇ ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပြီး စီမံကိန်းကို အပိုင်း ၁၊ ၂၊ ၃ ဟူ၍ ခွဲခြားထားကာ ယခုအခါ စီမံကိန်းအပိုင်း ၁ ဖြစ်သည့် စတုရန်းမီတာ တစ်သိန်းကျယ်ဝန်းသည့် ဈေးသစ်ကြီးကို တည်ဆောက်ပြီးစီးနေခြင်း ဖြစ်၍ ယင်းဈေးသစ်ကြီးတွင် ဆိုင်ခန်းပေါင်း ၇၂၀ ပါဝင်သည်။ ၁၀ ပေ၊ ပေ ၂၀၊ ပေ ၃၀ လျှောက်လမ်းများပါဝင်သည့် ဈေးသစ်ကြီးအတွင်း အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်း များ၊ ဒစ်ဂျစ်တယ်နည်းပညာပိုင်းဆိုင်ရာပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများစသော ကုန်ပစ္စည်းအမျိုးမျိုးကို လက်ကားရောင်းချမည်ဖြစ်သည်။ ပြည်တွင်းရှိ SME လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရန် ဈေးဆိုင်ခန်းများ အားလုံးကို အငှားစနစ်ဖြင့်သာ ငှားရမ်းမည်ဖြစ်သည်။ နေရာစုံ စီစီတီဗွီကင်မရာများတပ်ဆင်ထားမည့် ဈေးသစ်ကြီးအတွင်း သန့်ရှင်းရေးဝန်ထမ်းများ၊ လုံခြုံရေးဝန်ထမ်းများ အပြည့်အဝခန့်ထားမည်ဖြစ်ကာ အရေးပေါ်မီးငြိမ်းသတ်ရေးအတွက် အလိုအလျောက်မီးငြိမ်းသတ်ခြင်းစနစ်များ တပ်ဆင်ထားသည်။ "မြန်မာနိုင်ငံက အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းရှင်တွေ အလွယ်တကူ လုပ်ငန်းစတင်နိုင်အောင်၊ တိုးချဲ့နိုင်အောင် ဆိုင်ခန်းကိုအငှားသီးသန့်ပဲပေးတယ်။ ဈေးကလည်းအသစ်ဖြစ်တဲ့အတွက် ငှားရမ်းတဲ့အခါ ပရိုမိုးရှင်းအနေနဲ့ ပထမနှစ်ဆိုရင် ရှစ်လအခမဲ့၊ ဒုတိယနှစ်မှာ ခြောက်လအခမဲ့နဲ့ တတိယနှစ်မှာ သုံးလအခမဲ့ပေးသွားမှာပါ။ သုံးနှစ်စလုံးမှာ ဆိုင်ခန်းငှားရမ်းခ နှစ်အလိုက်လျှော့ပေးသွားမှာပါ။

အငှားစနစ်ဖြစ်တဲ့အတွက် လာရောက်လုပ်ကိုင်မယ့် လုပ်ငန်းရှင်တွေအနေနဲ့ဆိုင်ခန်းကို သိန်းရာချီ ထောင်ချီပြီး ပေးဝယ်စရာမလိုဘူးပေါ့။ ရင်းနှီးမြှုပ်နှံမှုကို သိန်းဆယ်ဂဏန်းလောက်နဲ့လုပ်လို့ရမယ်။ ဒီဈေးအပြင် အထောက်အကူအဖြစ် ဂိုထောင် တို့၊ ပြပွဲလုပ်ဖို့နေရာတို့၊ လူနေဆောင်၊ ဟိုတယ်၊ ဘဏ်တွေ၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး ကုမ္ပဏီတွေ၊ စတိုးဆိုင်အငယ်လေးတွေကိုလည်း လုံလုံလောက်လောက်ထားရှိပေးသွားမှာပါ။ ကုန်ပစ္စည်းပြသဖို့ရော၊ သိုလှောင်ဖို့ရော၊ လူနေဖို့ရော ဒီပရောဂျက်တစ်ခုတည်းမှာပဲ အဆင်ပြေအောင် ဖန်တီးစီစဉ်ပေးထားတယ်" ဟု ကိုအောင်မျိုးဦးက ဈေးသစ်ကြီးအကြောင်း ဆက်လက်ရှင်းပြသည်။

ရာသီအလိုက် ကုန်စည်ပြပွဲအမျိုးမျိုးကျင်းပနိုင်ရန် ပြပွဲခန်းမနေရာ သတ်မှတ်ထားမည့်အပြင် နိုင်ငံအတွင်း တစ်နေ့ တခြားရေပန်းစားလာနေသော အွန်လိုင်းစနစ်ဖြင့် ဈေးရောင်းချခြင်းမျိုးကိုလည်း စီစဉ်ပေးသွားမည်ဖြစ်သည်။ လာမည့် ဩဂုတ်လအတွင်း ဆိုင်ခန်းများ စမ်းသပ်ဖွင့်လှစ်မှုဖြင့်အစပြုမည့် အဆိုပါဈေးသစ်ကြီးတွင် ကားအစီးရေ ၁၂၀၀ ခန့် ရပ်နားနိုင်မည့် ယာဉ်ရပ်နားဝင်းပါဝင်ကာ YBS ယာဉ်လိုင်းများ ချိတ်ဆက်ပြေးဆွဲနိုင်ရေးအတွက် YRTA နှင့်ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။ သတ်မှတ်နေရာများနှင့် အသွားအပြန် Shuttle Bus စီးနိုင်ရန် လျာထားဆောင်ရွက်နေသည့် နိုင်ငံတကာအဆင့်မီ လက်ကားဈေးသစ်ကြီးသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ရန်ကုန်သူရန်ကုန်သားတို့သာမက မြန်မာနိုင်ငံတစ်နံတစ်လျားသို့ ဝန်ဆောင်မှုပေးနိုင်ရန် စောင့်စားလျက်ရှိနေပေတော့သည်။

**Source:** https://web.facebook.com/MYANMAALINNNEWS/posts/2635398086700683

# မြန်မာ့စွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံရန် အမေရိကန်လုပ်ငန်းရှင်များ စိတ်ဝင်စားဟုဆို




မြန်မာ့စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန်အတွက် အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များ စိတ်ဝင်စားနေကြကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) ဒုဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လေးကပြောသည်။ ၎င်းက "သူတို့က မြန်မာနိုင်ငံမှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုကို ရှေ့ဆက်ပြီးတော့ တိုးလုပ်မှာတွေရယ်၊ အခွန်နဲ့ပတ်သက်ပြီး သူတို့သိလိုတာတွေရယ်၊ ရင်းနှီးမြှုပ်နှံမယ့်လုပ်ငန်းတွေရယ်၊ စွမ်းအင်နဲ့ပတ်သက်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို မေးမြန်းကြပါတယ်။ ထူးထူးဆန်းဆန်းတော့ရှိတယ်။ စွမ်းအင်ဈေးတွေက ကျနေတော့လေ တော်တော်များများက စိတ်မဝင်စားကြတာ။ ဒါလေးတွေကို သူတို့ကစိတ်ဝင်စားတယ်" ဟု ပြောပြသည်။ အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရှေ့ဆက်ပြီး လုပ်ငန်းများဆက်လက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်ဝင် စားမှုများရှိနေကြောင်း ဒေါက်တာမောင်မောင်လေးက ထပ်လောင်းပြောဆိုသည်။

ရန်ကုန်မြို့ရှိ UMFCCI ရုံးချုပ်၌ ဇူလိုင်လ ၂၇ ရက်က မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် အမေရိကန်-မြန်မာနှစ်နိုင်ငံကြား စီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စများ ဆွေးနွေးခြင်းကို အမေရိကန်အခြေစိုက် US-ASEAN Business Council မှ Senior Vice President and Regional Managing Director ဖြစ်သူ Mr. Michael W.Michalak ဦးဆောင်သော စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံအခြေစိုက် အမေရိကန်ကုမ္ပဏီ ၁၀ ခုမှ စီးပွားရေးကိုယ်စားလှယ်အဖွဲ့များနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ဆွေးနွေးခဲ့ခြင်း ဖြစ်သည်။ အဆိုပါဆွေးနွေးပွဲတွင် အမေရိကန်စီးပွားရေး ကုမ္ပဏီများ ဖြစ်ကြသော Bower Group Asia၊ Chevron၊ Chubb၊ Coca-Cola၊ ExxonMobil၊ Google၊ Pernod Ricard၊ Scoular နှင့် Visa တို့မှ လုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ကိုဗစ်ကပ်ရောဂါကာလအလွန်စီးပွားရေးအခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့်ပတ်သက်ပြီး နှစ်ဖက်လုပ်ငန်းရှင်များကြား ဆွေးနွေးခဲ့ကြောင်း UMFCCI က ထုတ်ပြန်ထားသည်။

ကိုဗစ်ကြောင့် ထိခိုက်မှုများသော စီးပွားရေးကဏ္ဍများဖြစ်သည့် လုပ်ငန်းကဏ္ဍများနှင့် အသေးစားနှင့်အလတ်စား (MSME) လုပ်ငန်းများ၊ စွမ်းအင်ကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ စသည့်ကဏ္ဍများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီပေးမည့်အစီစဉ်များနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကြောင်း Mr.Michael W.Michalak နှင့် တက်ရောက်လာသည့် အမေရိကန်စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြောင်းသိရသည်။

ရင်းနှီးမြှုပ်နှံမှုအနေဖြင့် အမေရိကန်အခြေစိုက် ကုမ္ပဏီ ၂၀ ကျော်က ၁၉၈၈-၁၉၈၉ ခုနှစ်မှ စ၍ ၂၀၁၉ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၅၃၁ ဒသမ ၁၃၆ သန်း ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) စာရင်းများအရသိရသည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသည့် နိုင်ငံပေါင်း ၅၀ ထဲမှ အမေရိကန်နိုင်ငံသည် အဆင့် ၁၃ နေရာတွင်ရှိပြီး စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများ၌ အများဆုံးရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသည်။ သို့သော် ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် လက်ရှိအချိန်ထိ အမေရိကန်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ခြင်းမရှိသေးကြောင်း DICA မှ ညွှန်ကြားရေးမှူးတဦးက ရောဝတီသို့အတည်ပြုပြောဆိုသည်။

ယခုနှစ်ပိုင်းတွင် စွမ်းအင်ကဏ္ဍ၌ရင်းနှီးမြှုပ်နှံရန် အမေရိကန်နိုင်ငံမှလုပ်ငန်းရှင်များက မေးမြန်းမှုများရှိသော်လည်း အမှန်တကယ် ဝင်ရောက်မှုနည်းနေခြင်းက ကိုဗစ်ကြောင့် တကမ္ဘာလုံးတွင် စီးပွားရေးထိခိုက်မှုရှိခြင်း၊ ရေနံဈေးနှုန်းများ

ကျဆင်းခြင်း၊ ငွေရေးကြေးရေးကဏ္ဍတွင်လည်း အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံတိုင်းလိုလိုက ခက်ခဲနေခြင်းစသည့် အခြေအနေများကြောင့်လည်း ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မလာကြခြင်းဖြစ်ကြောင်း ကမ္ဘာ့ဘဏ် စွမ်းအင်ပညာရှင် ဦးမျိုးမြင့်က သုံးသပ်ပြောဆိုသည်။ ၎င်းက "ကျနော်တို့နိုင်ငံကတော့ သဘာဝစွမ်းအင် အရင်းအမြစ်တွေ ကြွယ်ဝတဲ့နိုင်ငံဖြစ်ပါတယ်။ ကြွယ်ဝတဲ့ သဘာဝအရင်းအမြစ်တွေကို လျှပ်စစ်အနေနဲ့သုံးဖို့ဆိုရင် သဘာဝအတိုင်းသုံးလို့မရဘူး။ ရင်းနှီးမြှုပ်နှံမှုတွေ လိုတယ်။ အဲဒီလိုလုပ်ရင် သူကရင်းနှီးမြှုပ်နှံမှုကပမာဏကြီးမားတယ်၊ သဘာဝဓာတ်ငွေ့လိုဟာမျိုးဆိုရင် Risk တွေ စိန်ခေါ်မှုတွေများတယ်" ဟုပြောသည်။

အဓိကအားဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏ ကြီးမားသည့်အတွက် ငွေရေးကြေးရေးလိုအပ်ခြင်း၊ နည်းပညာလိုအပ်ချက်ကြီးမားခြင်းစသည့် အခြေအနေများကြောင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန် မြန်မာနိုင်ငံအနေနှင့် စွမ်းအင်ကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရန်လိုအပ်ကြောင်း ၎င်းကဆိုသည်။ အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့ကလည်း မြန်မာနိုင်ငံ၏ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လုပ်ဆောင်ရန်ဆန္ဒရှိကြောင်းကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် Video Conferencing စနစ်ဖြင့် ဇူလိုင်လ ၂၈ ရက်က တွေ့ဆုံပြောကြားထားသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုတွင် အဓိကကျသည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် စွမ်းအင်ကဏ္ဍ၏ အခြေခံအဆောက်အအုံများကို တိုးချဲ့ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နေခြင်းဖြစ်သောကြောင့် အမေရိကန်ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အထူးစိတ်ဝင်စားမှုများရှိနေသည်ကို သိရသဖြင့် ကြိုဆိုပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြန်လည်ပြောကြားခဲ့သည်။

**Source:** https://burma.irrawaddy.com/news/short-news/2020/07/29/227136.html

## ရှမ်းပြည်နယ်တွင် ၁၀ နှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လေးဆမြင့်တက်အောင် ဆောင်ရွက်မည်

ရှမ်းပြည်နယ်တွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို လာမည့် ၁၀ နှစ်အတွင်း လေးဆမြင့်တက်အောင် ဆောင်ရွက်သွားမည်ဟု ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုမြင့်တင်ရေး စီမံကိန်းတွင်ဖော်ပြထားသည်။ ထိုစီမံကိန်းကို ဂျာမနီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(GIZ), မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ရှမ်းပြည်နယ်အစိုးရတို့ကပူးပေါင်း၍ ဇူလိုင်လကုန်ပိုင်းတွင် စတင်မိတ်ဆက်လိုက်ခြင်းဖြစ် သည်။ ယင်းစီမံကိန်းတွင် ရှမ်းပြည်နယ်အတွင်းရှိ လက်ရှိစီးပွားရေး အခြေအနေများကို ဖော်ပြထားပြီး ရင်းနှီးမြှုပ်နှံမှုအခြေအနေ တိုးတက်ကောင်းမွန်လာစေရန်မဟာဗျူဟာများကိုလည်း ထည့်သွင်းဖော်ပြထားသည်။ ထိုစီမံကိန်းသည် ရှမ်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လမ်းပြမြေပုံဖြစ်ပြီး ၂၀၁၉-၂၀ ဘဏ္ဍာနှစ်မှ ၂၀၃၀-၃၁ အထိ ဆောင်ရွက်ရန်ဖြစ်သည်။

ထိုစီမံကိန်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို လက်ရှိ ရှိနေသည့် ဒေါ်လာသန်း ၇၃၀ အစား ဒေါ်လာ နှစ်ဘီလီယံအထိရှိလာရန် ခန့်မှန်းထားသည်။ ထိုစီမံကိန်းထဲတွင် ရှမ်းပြည်နယ်၏ GDPကို နှစ်ဆဖြစ်ရန်နှင့် ရှမ်းပြည်နယ်အတွင်း နေထိုင်သူများအတွက် ဝင်ငွေကို နှစ်ဆဖြစ်ရန်မျှော်မှန်းထားကာ အလုပ်လက်မဲ့နှင့်ဆင်းရဲနွမ်းပါးမှုကိုလည်း နှစ်ဆလျှော့ချရန် ခန့်မှန်းထားသည်။ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကို လက်ရှိ ရှိနေသည့် ကျပ်ဘီလီယံ ၆၀၀ ကို ဘီလီယံ ၃,၀၀၀ အထိ တိုးမြှင့်လာရန် ခန့်မှန်းထားကာ စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်နှုန်းကို ငါးဆအထိတိုးမြှင့်ရန်လည်း ခန့်မှန်းထားသည်။

ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ အသေးစားကုန်ထုတ်လုပ်ငန်းများ၊ ခရီးသွားအခြေခံဝန်ဆောင်မှုလုပ်ငန်းများ၊ နည်းပညာမြင့် ICT လုပ်ငန်းများနှင့် အခြေခံအဆောက်အအုံနှင့် စွမ်းအင်ကဏ္ဍတို့ကို ဦးစားပေးစီးပွားရေးလုပ်ငန်းများအဖြစ် သတ်မှတ်ထားသည်။ စီးပွားရေးလုပ်ငန်းများတွင် အခက်အခဲများရှိပြီး မဖွံ့ဖြိုးသေးသည့် အခြေခံ အဆောက်အအုံများ၊ ကျွမ်းကျင်လုပ်သားရှားပါးခြင်း၊ မဖွံ့ဖြိုးသေးသည့်ဒေသခံလုပ်ငန်းများနှင့် စီးပွားရေးစနစ်များ၊ လုံခြုံရေးတို့ဖြစ်သည်ဟုဆိုထားသည်။

**Source:** https://7day.news/detail?id=193864

## ဒီမောဆိုမြို့နယ်ရှိ ခူးပရာတောင်ကို ခရီးသွားဆွဲဆောင်မှု နေရာသစ်အဖြစ်လုပ်ဆောင်မည်



ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်၊ ခူးပရာကျေးရွာအုပ်စု၊ ခူးပရာရွာရှိ ခူးပရာတောင် (ရွှေတောင်တန်း) နေရာကို ခရီးသွားဆွဲဆောင်မှု နေရာသစ်အဖြစ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကယားပြည်နယ်အစိုးရအဖွဲ့မှသိရသည်။ အဆိုပါနေရာသည် သဘာဝအခြေခံကောင်းများရှိသည့်အတွက် ခရီးသွားဆွဲဆောင်မှုနေရာများအဖြစ်ဖော်ဆောင်နိုင်ရန်အတွက် လေ့လာမှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်းသိရသည်။

ထို့ပြင် ကယားပြည်နယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးစဉ်ဒေသအသစ်များဖော်ထုတ်နိုင်ရေးအတွက် လိုက်ဂူအခြေပြု ခရီးသွားလုပ်ငန်းကို ထီးပရူနူဂူအပြင် ထီမိုးအိဂူ၊ ဒီးမော့ဆိုမြို့နယ်ရှိ ကွိုင်ငံဂူနှင့်ဘောလခဲမြို့အနီးရှိ ရေနီပေါက်ဂူများသို့ သွားရောက်လေ့လာနိုင်ရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/pyimyanmarnews

## မိုးခေါင်ပြီး နှမ်းစိုက်ခင်းများပျက်စီးသဖြင့် နှမ်းပျားရည်ထွက်နှုန်းကျဆင်း

မကွေးတိုင်းတွင် ယခုနှစ်မိုးခေါင်၍ နှမ်းစိုက်ခင်းများပျက်စီးသဖြင့် နှမ်းပျားရည်ထွက်နှုန်း ထက်ဝက် ကျဆင်း ကြောင်း ပျားမွေးမြူရေးလုပ်ငန်းရှင်များကပြောသည်။ မကွေးတိုင်း၌ ယခုနှစ်တွင် ရေဝတီမြစ်အရှေ့ဘက် မိုးနှမ်းဖြင့် မွေးမြူသည့်ပျားများမှာ မိုးခေါင်သဖြင့် ပျားရည်ထုတ်လုပ်မှုလျော့ကျနေသလို မြစ်အနောက်ဘက် ရေသွင်းနှမ်းဖြင့်မွေးမြူသည့် ပျားများမှာလည်း နှမ်းပင်များ ပိုးသတ်ဆေးသုံးခြင်းကြောင့် ပျားကောင်လေးများသေ ဆုံးခြင်းများရှိနေကြောင်း မကွေးတိုင်း ပျားလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူးဦးစိုးနိုင်ကပြောသည်။ "ပျားမွေးသူတွေနဲ့ တောင်သူတွေနဲ့အတူတူပါပဲ။ တောင်သူမရရင် ပျားမွေးသူတွေလည်းရမှာမဟုတ်ပါဘူး"ဟု ဦးစိုးနိုင်ကဆိုသည်။

ထို့အပြင် COVID-19 ကာလဖြစ်သဖြင့် ပြည်ပတင်ပို့မှုများ ရပ်ဆိုင်းနေပြီး ပြည်တွင်းဈေးကွက်သာရှိရာ ပျားရည်ဈေးနှုန်း များ ကျဆင်းနေကြောင်းပျားမွေးမြူရေးလုပ်ငန်းရှင်များကပြောသည်။ ပျားရည်ဈေးကွက်မှာ ပြီးခဲ့သည့်နှစ်က တစ်ပိဿာလျှင် ကျပ် ၂,၇၀၀ မှ ၃,၀၀၀ အထိရှိသော်လည်း လက်ရှိတွင် ကျပ် ၂,၀၀၀ ဝန်းကျင်သာရှိကြောင်း ပျားမွေးမြူရေးလုပ်ငန်းရှင် ဦးအောင်မင်းကပြောသည်။ "ခါတိုင်းဆို ပျားရည်ထုတ်လုပ်မှုနည်းရင် ဈေးကောင်းပါတယ်။ ဒါပေမဲ့ ခုကိုဗစ်ကာလ ဖြစ်နေတဲ့အတွက် ဈေးကလည်းနည်းနေတယ်။ ဒီဈေးနဲ့ဆို ပျားမွေးမြူရေး လုပ်ကိုင်နေသူတွေ တွက်ခြေမကိုက်ဘူး" ဟု ဦးစိုးနိုင်က ဆိုသည်။

မြန်မာနိုင်ငံမှထွက်သည့် ပျားရည်ကို တရုတ်၊ ထိုင်း၊ ဂျပန်၊ ကိုရီးယား၊ အမေရိကန် စသည့်နိုင်ငံများက ဝယ်ယူခဲ့ကြသော် လည်း လက်ရှိတွင် ယင်းဈေးကွက်များ ရပ်ဆိုင်းနေကြောင်း ၎င်းကပြောသည်။ မကွေးတိုင်းတွင် ရေသွင်းနှမ်း ပျားမွေးမြူရေး လုပ်ငန်းကို ဧပြီမှမေလအထိလုပ်ကိုင်ကြပြီး မိုးနှမ်းပျားမွေးမြူရေးလုပ်ငန်းကို မေလမှဇူလိုင်လအထိလုပ်ကိုင်ကြကာ တိုင်း အတွင်း လုပ်ငန်းရှင် ၇၅ ဦးရှိကြောင်း ဦးစိုးနိုင်ကပြောသည်။

**Source:** https://7day.news/detail?id=193892

## Covid-19 ရိုက်ခတ်မှု မပြီးပြတ်သဖြင့် ကုန်စည်စီးဆင်းမှု ပုံမှန်မလည်ပတ်နိုင်

Covid-19 ရိုက်ခတ်မှု မပြီးပြတ်သဖြင့် စိုက်ပျိုးရေးမွေးမြူရေးဆိုင်ရာ ကုန်စည်စီးဆင်းမှုများလည်း ပုံမှန် မလည်ပတ်နိုင်သေးကြောင်း တောင်သူများထံမှသိရသည်။ ၂၀၂၀ ခုနှစ်မှာ ဟင်းသီးဟင်းရွက်ဈေးတွေ အဆမတန်ကျဆင်း လာတယ်။ ကျွန်တော်တို့ဆီမှာ ဗုံလုံသီးကို နှစ်တိုင်းတစ်တောင့်ကို ၂၀၀ ကျပ်ကျော်နဲ့ရောင်းရတာ။ အခုဆို လူတစ်ရပ်လောက် ရှည်တဲ့အတောင့်တွေကို ၅၀ ကျပ်နဲ့ရောင်းတာတောင် မယူတဲ့သူများတယ်။ အရင်နှစ်တွေက အခုချိန် ပဲသီးတွေ

တစ်တောင့်တစ်ဆယ်လောက်ရောင်းရတာ။ အခုတော့ တစ်ရာဖိုးအတောင့်နှစ်ရာလောက်ဖြစ်ကုန်တယ်ဟု ဧရာဝတီတိုင်း၊ ကျုံပျော်မှ တောင်သူ ကိုထွန်းထွန်းကပြောသည်။

ဈေးကွက်ပိုင်း အဘက်ဘက်မှအားနည်းနေသော်လည်း မြေဆီဖိုးစသည့် သွင်းအားစုစရိတ်၊ အလုပ်သမားခနှင့် စိုက်ပျိုးကုန်ကျစရိတ်များကိုမူ တောင်သူများ ထမ်းဆောင်နေရသည်။ စိုက်ပျိုးရေးကို စိတ်ကုန်လာမိပြီ။ သွင်းအားစုဈေးတွေကသာ တက်လာတယ်။ သီးနှံဈေးနှုန်းက အောက်ဆုံးရောက်နေတယ်။ အရင်က ပိုးသတ်ဆေး၊ မှိုသတ်ဆေးမဖျန်းရတဲ့ စပါးခင်းတွေ အခုဖျန်းနေရပြီ။ စပါးဈေးက တောင်သူလက်ထဲမရှိတော့တဲ့ အခုချိန်ကျ ရှစ်သိန်းကျပ် ဈေးလောက်ရှိတယ်။ ဒါပေမဲ့ အခု ကျွန်တော်တို့စိုက်ထားတဲ့ မိုးစပါးပေါ်ချိန်ကျရင်ကြည့်။ ငါးသိန်းကျပ်အပြင် မပိုစေရဘူး။ ပိုခဲ့လည်း လေးငါးသောင်း အပြင်မကျော်စေရဘူးဟု စပါးစိုက်တောင်သူတစ်ဦးကပြောသည်။

COVID-19 ရောဂါထိန်းချုပ်ရန် လူငါးဦးထက်ပို၍ စုဝေးခြင်းမပြုရဟူသော သတ်မှတ်ချက် အစား လူ (၁၅) ဦးထက်ပို၍ စုဝေးခြင်းမပြုရန်ဟူသော အမိန့်ပြင်ဆင်ချက်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ယမန်နေ့တွင် ထုတ်ပြန်လိုက်သည်။ ပြည်သူများ ဆက်လက်လိုက်နာရမည့် ပြည်ထောင်စုအဆင့်နှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ အမိန့်ကြေညာစာများအရ နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရန်နှင့် ည ၁၂ နာရီမှ နံနက် ၄ နာရီအထိ ညမထွက်ရအမိန့်စသည်တို့ပါဝင်သည်။

https://greenwaymyanmar.com/posts/crops_price

## ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် Release Order Notification/ Allowed Shipment Notification များအပေါ်တွင် အကောက်ခွန်အရာရှိများ လက်မှတ်ရေးထိုးပေးရသည့် လုပ်ငန်းစဉ်ကိုရပ်ဆိုင်း

ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် Release Order Notification/ Allowed Shipment Notification များ အပေါ်တွင် အကောက်ခွန်အရာရှိများ လက်မှတ်ရေးထိုးပေးရသည့်လုပ်ငန်းစဉ်အား ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနက ညွှန်ကြားချက်ထုတ်ပြန်ထားသည်။ အထက်ပါ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနသည် MACCS စနစ်အား ရန်ကုန်ဧရိယာအတွင်း ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၂ ရက်မှစတင်အသုံးပြုခဲ့ရာ Manual စနစ်မှ Automation စနစ်သို့ အသွင်ကူးပြောင်းစ အချိန်ကာလတွင် ကုန်ပစ္စည်းတင်သွင်းတင်ပို့ခြင်းဆိုင်ရာလုပ်ငန်းစဉ်များ အခက်အခဲမရှိစေရန်အတွက် MACCS စနစ်က ထုတ်ပေးခဲ့သော Electronic Release Order/ Allowed Shipment များ၏ Print-out/Copy အပေါ်တွင် မူရင်း (Original) အထောက်အထားဖြစ်ကြောင်း အကောက်ခွန်အရာရှိများက လက်မှတ်ရေးထိုးခြင်းကို ဆောင်ရွက်ပေးခဲ့သည်။

ကုန်သွယ်မှုနှင့် ဆက်စပ်နေသော သက်ဆိုင်ရာဘဏ်များ၊ အစိုးရဌာနများအနေဖြင့်လည်း အကောက်ခွန်အရာရှိ လက်မှတ်ရေးထိုးထားသည့် Release Order/ Allowed Shipment များအား မူရင်း (Original) အထောက်အထားများအဖြစ် မှတ်ယူစိစစ်၍ သက်ဆိုင်ရာဌာနတွင်း လုပ်ငန်းများကို ဆက်လက်အကောက်အထည်ဖော်ဆောင်ရွက်နေကြသည်။ ထိုသို့ အကောက်ခွန်ဦးစီးဌာနအနေဖြင့် Manual နည်းလမ်းများမှ Electronic နည်းလမ်းသို့ ကူးပြောင်းဆောင်ရွက်နေချိန်တွင် Electronic နည်းလမ်းဖြင့် ထုတ်ပေးပြီးဖြစ်သော Release Order/ Allowed shipment ၏ Print-out/ Copy များအပေါ်တွင် အကောက်ခွန်အရာရှိများက လက်မှတ်များ၊ တံဆိပ်တုံးများ ပြန်လည်ရိုက်နှိပ်ဆောင်ရွက်ပေးရခြင်းသည် နိုင်ငံတကာ ကုန်သွယ်မှုစံချိန်စံညွှန်းများနှင့်မကိုက်ညီခြင်းကြောင့် Ease of doing business ၏ Trading across border ကဏ္ဍတွင် မကြာခဏ ကန့်ကွက်မှုများပေါ်ပေါက်နေခြင်းဖြစ်သည်။

ဆိပ်ကမ်းများ၊ ကုန်လှောင်ရုံများကလည်း Release Order Notification/ Allowed Shipment Notification များအပေါ်တွင် လက်မှတ်ပါရှိမှသာ ကုန်ပစ္စည်းထုတ်ယူခွင့်ပြုပေးလျက်ရှိကြောင်းသိရသည်။ သို့ရာတွင် MACCS စနစ်မှ Release Order Notification နှင့် Allowed Shipment Notification များရရှိပြီးသော ကုန်ပစ္စည်းများနှင့်ပတ်သက်သည့် Release Order Cargo Message Report အား သက်ဆိုင်ရာဆိပ်ကမ်းများ၊ သိုလှောင်ရုံများ၊ Dry Port (ကုန်းတွင်းဆိပ်) များနှင့် SEZ (အထူးစီးပွားရေးဇုန်) များသို့ အချိန်နှင့်တစ်ပြေးညီ စနစ်အတွင်းသို့ ပေးပို့လျက်ရှိကြောင်းသိရသည်။ သို့ဖြစ်ပါ၍ အဆိုပါ

Cargo Message Report များကိုကြည့်ရှုခြင်းဖြင့် ထုတ်ယူခွင့်ရရှိသည့် ကုန်ပစ္စည်းများအား စနစ်ဖြင့်ပြင်ပသို့ ထုတ်ဆောင်ပေးရမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအား အထောက်အကူပြုစေရန်နှင့် Ease of doing business ၏ သုံးသပ်ချက်ပါ အားနည်းချက်များကို လျှော့ချနိုင်ရေးအတွက် Release Order Notification နှင့် Allowed Shipment Notification များတွင် အကောက်ခွန် အရာရှိများက လက်မှတ်ရေးထိုးပေးခြင်းအား ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်မှစတင်၍ ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာဆိပ်ကမ်းကုန်လှောင်ရုံလုပ်ငန်းစဉ်များ အဟန့်အတားမဖြစ်စေရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားကြရန် အကောက်ခွန်ဦးစီးဌာနက ညွှန်ကြားချက် ထုတ်ပြန်ထားသည်။

**Source:** https://news-eleven.com/article/185044

## အိန္ဒိယပဲမျိုးစုံစိုက်ဧရိယာ သုံးပုံတစ်ပုံ မြင့်တက်လာ

လက်ရှိရာသီ အိန္ဒိယပဲမျိုးစုံစိုက်ဧရိယာ သုံးပုံတစ်ပုံ မြင့်တက်လာပြီး ပြည်တွင်း ပဲဖူလုံမှုရရှိစေမည်ဟု မျှော်လင့်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ယခုနှစ်တွင် အစိုးရက ပဲမျိုးစုံထုတ်လုပ်မှုမျှော်မှန်းချက် တန်ချိန် ၂၅ ဒသမ ၆ သန်း သတ်မှတ်ထားရာ ယခင်နှစ်၏ခန့်မှန်းအထွက်နှုန်းထက် ၁၁ ဒသမ ၂ ရာခိုင်နှုန်း ပိုများလျက်ရှိသည်။ အိန္ဒိယ၏ တစ်နှစ်တာ ပဲမျိုးစုံထုတ်လုပ်မှု ၃၀ ရာခိုင်နှုန်းကို ပံ့ပိုးပေးနေသော မိုးပဲစိုက်ဧရိယာသည် ယခင်နှစ်ထက် ၂၁ ဒသမ ၂၀ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟု တာဝန်ရှိသူများကပြောသည်။ "မဇ္ဈိမဒေသပြည်နယ်၊ ကာနာတာကာ၊ အန္ဒရပြည်နယ်နဲ့ မဟာရာ့ရှ်ပြည်နယ်တို့လို ပဲစိုက်ပျိုးတဲ့ဒေသတွေမှာ မိုးကြောင့် ပဲစိုက်ဧရိယာ မြင့်တက်လာပြီး အထွက်နှုန်းပါ မြင့်တက်ဖို့ရှိပါတယ်" ဟု စိုက်ပျိုးရေးဌာန အကြီးတန်းအရာရှိတစ်ဦးက ပြောကြားထားပြီး နိုင်ငံ၏ တစ်နှစ်တာ ပဲလိုအပ်ချက်မှာ တန်ချိန် ၂၅-၂၆ သန်းဖြစ်သည်ဟု ၎င်းက ပြောသည်။ "တိုင်းပြည်ရဲ့လိုအပ်ချက်ကို ဖြည့်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ယခင်နှစ်ကတော့ ၁၀-၁၅ ရာခိုင်နှုန်းလောက် လိုအပ်ခဲ့ပြီး သွင်းကုန်နဲ့ဖြည့်တင်းခဲ့ရပါတယ်" ဟု ၎င်းကပြောသည်။

အိန္ဒိယနိုင်ငံသည် လိုအပ်သော ပဲမျိုးစုံကို မြန်မာနိုင်ငံမှ နှစ်စဉ်လိုအပ်ချက်နှင့်အညီ တင်သွင်းရလျက်ရှိရာ သွင်းကုန်လိုအပ်ချက်အားနည်းမည်ဆိုပါက မြန်မာနိုင်ငံမှ ဝယ်ယူမှုလျော့ကျနိုင်မည့်အခြေအနေကို စောင့်ကြည့်ရမည်ဖြစ်သည်။ လက်ရှိတွင်လည်း ကိုတာစနစ်ဖြင့် မတ်ပဲတန်ချိန် လေးသိန်းသတ်မှတ်ထားမှုတွင် တစ်ဘက်နိုင်ငံရှိ ကုန်သည်များ သွင်းကုန်လိုင်စင်မရကြသဖြင့် တန်ချိန်အနည်းငယ်ကိုသာ တင်ပို့နိုင်သေးသည်။ အလားတူကာလအတွင်း ဆီထွက်သီးနှံစိုက်ဧရိယာမှာ နှစ်အလိုက် ၄၁ ရာခိုင်နှုန်းမြင့်တက်ကာ ဟက်တာ ၁၁ သန်းရှိလာခဲ့သည်။

**Source: Economic Times**

https://www.facebook.com/myanmaawba/?ref=page_internal

## ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် ၁၀ လခန့်တွင် ပြည်ပသို့အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှုမှာ ဒေါ်လာ ၃ ဒသမ ၆ ဘီလျံရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၆၀ လျော့ကျ

၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် ဆယ်လခန့်တွင် ပြည်ပသို့ အထည်ချုပ်(ချုပ်ပြီးအထည်) တင်ပို့မှုမှ ဒေါ်လာ ၃ ဒသမ ၆ ဘီလျံ ကျော်ရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၆၀ လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက The Daily Eleven သတင်းစာသို့ ပြောကြားသည်။ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇူလိုင် ၂၄ ရက်အထိ ဆယ်လခန့်တွင် ပြည်ပသို့ အထည်ချုပ်(ချုပ်ပြီးအထည်) တင်ပို့မှု ဒေါ်လာ ၃ ဒသမ ၆၁၅ ဘီလျံ ရရှိထားသည်။ ယခင်နှစ်ကာလတူထက်တွင် ဒေါ်လာ ၃ ဒသမ ၆၇၅ ဘီလျံအထိရရှိထားသည်။ လက်ရှိဘဏ္ဍာနှစ် ဆယ်လခန့်တွင် ပြည်ပသို့အထည်ချုပ်(ချုပ်ပြီးအထည်) တင်ပို့မှုသည် ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၆၀ အထိ လျော့ကျခဲ့ခြင်းဖြစ်သည်။ "အခု ဇူလိုင် ၂၄ ရက်အထိကို ချုပ်ပြီးအထည်တင်ပို့တာကနေ ဒေါ်လာ ၃၆၅၁ သန်း (၃ ဒသမ ၆ ဘီလျံ) ရရှိထားတယ်။ ကာလတူထက် ဒေါ်လာသန်း ၆၀ လျော့ကျတယ်" ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းကို CMP စနစ်ဖြင့် လုပ်ဆောင်နေခြင်းဖြစ်ပြီး ပြည်တွင်း CMP လုပ်ငန်းများ၌ အထည်ချုပ်လုပ်ငန်းသည် အများဆုံးဖြစ်သည်။ အထည်ချုပ် CMP ထုတ်လုပ်မှုတန်ဖိုးသည် လေးနှစ်အတွင်း ဆယ်ဆတိုးတက်လာခဲ့ပြီး ယခုနှစ်တွင် ဒေါ်လာငါးဘီလျံခန့်အထိ တိုးတက်လာနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စတုတ္ထတစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ နိုင်ငံပိုင်သတင်းစာများနှင့် တွေ့ဆုံမေးမြန်းမှုတွင် ဒုတိယဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အစိုးရသစ်စတင်တာဝန်ယူချိန်၌ အထည်ချုပ် CMP ၏ ထုတ်လုပ်မှုတန်ဖိုးမှာ ဒေါ်လာသန်း ၅၀၀ နှင့် အလုပ်အကိုင်လေးသိန်းခန့် ဖန်တီးပေးနိုင်ခဲ့သည်။ အစိုးရသက်တမ်း လေးနှစ်တာကာလအတွင်း အထည်ချုပ်လုပ်ငန်း CMJP ထုတ်လုပ်မှုတန်ဖိုးသည် ဆယ်ဆတိုးတက်လာပြီး ယခုအစိုးရသက်တမ်းစတုတ္ထနှစ်တွင် ဒေါ်လာငါးဘီလျံခန့်အထိ တိုးတက်လာနိုင်မည့်အခြေအနေများရှိကြောင်း ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။ လက်ရှိအချိန်တွင် အထည်ချုပ်လုပ်ငန်းများမှ အလုပ်သမားခြောက်သိန်းခန့်ကို အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ ယင်းအနက် ၉၅ ရာခိုင်နှုန်းခန့်သည် အမျိုးသမီးများ၏ အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ခဲ့ကြောင်းသိရသည်။

၂၀၁၈ ခုနှစ်က အထည်ချုပ်ကဏ္ဍမှ ပို့ကုန်တန်ဖိုးဒေါ်လာ ၄ ဒသမ ၆ ဘီလျံနီးပါး ရရှိခဲ့ပြီး လာမည့် ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍမှ ပို့ကုန်တန်ဖိုးဒေါ်လာ ၁၀ ဘီလျံရရှိရန် မျှော်မှန်းထားကြောင်း ၂၀၁၉ ခုနှစ် မေ ၁၁ ရက် က ရန်ကုန်မြို့ရှိ ကုန်သည်စက်မှုအသင်းချုပ်၌ ကျင်းပသည့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ ပဉ္စမအကြိမ်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးမှသိရသည်။ မြန်မာနိုင်ငံ၏ထုတ်လုပ်မှုကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင်လည်း အထည်ချုပ်ကဏ္ဍတွင် အများဆုံးဝင်ရောက်လျက်ရှိကြောင်းသိရသည်။ သို့သော် မြန်မာနိုင်ငံအနေဖြင့် လက်ခစားစစ်ဖြင့် ချုပ်လုပ်ခြင်းဖြစ်သဖြင့် ချုပ်ခအနေဖြင့် ၁၀ရာခိုင်နှုန်းခန့်သာရရှိကြောင်းသိရသည်။

**Source:** https://news-eleven.com/article/185077

## စင်ကာပူ – မလေးရှား နှစ်နိုင်ငံအကြား လုပ်ငန်းပိုင်းဆိုင်ရာအပြန်အလှန်ခရီးသွားလာခွင့်ကို ဩဂုတ်လ ၁၀ ရက်နေ့မှစ၍ ခွင့်ပြုမည်

စင်ကာပူနှင့် မလေးရှားနိုင်ငံတို့တွင် ကာလရှည်နေထိုင်ခွင့်ရရှိထားသူများနှင့် လုပ်ငန်းပိုင်း ဆိုင်ရာအတွက် မဖြစ်မနေခရီးသွားလာလိုသူများအတွက် နှစ်နိုင်ငံနယ်စပ်ဖြတ်သန်းသွားလာခွင့် အစီအစဉ်ကို နှစ်ဖက်အပြီးသတ်သဘောတူပြီးဖြစ်ကြောင်းနှင့် ၎င်းအစီအစဉ်ကို ဩဂုတ်လ ၁၀ ရက်နေ့တွင် စတင်မည်ဖြစ်ကြောင်း သိရှိရပါသည်။ ထိုသို့ အပြန်အလှန်အားဖြင့် လုပ်ငန်းပိုင်းဆိုင်ရာခရီးသွားလာမှု (Green Lane) နှင့် ပုံမှန် ဖြတ်သန်းသွားလာခြင်းအစီအစဉ် (Periodic Commuting Arrangement) တို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်အသေးစိတ်ကို မကြာမီရက်များတွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း၊ Green Lane အစီအစဉ်ဖြင့် သွားလာမည့်သူများသည် ကိုဗစ် ၁၉ ရောဂါ စစ်ဆေးမှု (Swab test) နှင့် ခရီးစဉ်များကို ကြိုတင်၍ တင်ပြသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ အလားတူ စီးပွားရေးလုပ်ငန်းနှင့် အလုပ်အကိုင်အတွက် စင်ကာပူနှင့် မလေးရှားတို့တွင် ကာလ ရှည်နေထိုင်ခွင့်ရရှိထားသောသူများက Periodic Commuting Arrangement ဖြင့် ဖြတ်သန်း သွားလာပါကလည်း ကိုဗစ် ၁၉ ရောဂါစစ်ဆေးမှုကို ပြုလုပ်ရန် လိုအပ်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ကိုဗစ် ၁၉ ရောဂါကြောင့် နယ်စပ်ဖြတ်သန်းသွားလာမှုကိုကန့်သတ်ခြင်း မပြုလုပ်မီက မလေးရှားနိုင်ငံဘက်မှ လုပ်သား ၃ သိန်းကျော်သည် စင်ကာပူတွင် လာရောက်အလုပ်လုပ်ကိုင်လျက်ရှိပြီး၊ အများစုသည် နေ့စဉ်နှစ်နိုင်ငံနယ်စပ်ကို ဖြတ်သန်းသွားလာ၍လုပ်ကိုင်ခဲ့ကြကြောင်း၊ ထိုသို့စင်ကာပူတွင် အလုပ်လုပ်ရန်အတွက် နေ့စဉ်နှစ်နိုင်ငံအကြား နယ်စပ် ဖြတ်သန်းသွားလာခွင့်အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားနိုင်ရေး အဆိုပြုဆွေးနွေးသွားရန် နှစ်ဖက်သဘောတူ ထားပြီးဖြစ်ကြောင်း၊ လက်ရှိအခြေအနေမှာ စင်ကာပူသို့ ပြန်လည်ဝင်ရောက်လာသော ကာလရှည်နေထိုင်ခွင့်ရရှိထားသူများသည် သတ်မှတ်ထားသောနေရာ (Quarantine Facilities) တွင် ၁၄ ရက် နေထိုင်သွားရမည်ဖြစ်ပြီး၊ ကိုဗစ်ရောဂါ စစ်ဆေးခအတွက် စင်ကာပူ

ဒေါ်လာ ၂၀၀ နှင့် Quarantine Facilities အသုံးပြုခြင်းအတွက် စင်ကာပူဒေါ်လာ ၂၀၀၀ တို့ကို ကျခံရမည်ဖြစ်ပါသည်။ အလားတူ ဇူလိုင် ၂၄ ရက်နေ့မှစ၍ မလေးရှားနိုင်ငံသို့ ဝင်ရောက်လာသောမည်သူမဆိုသည် Quarantine Facilities ၌ ၁၄ ရက် မပျက်မကွက်နေထိုင်ရမည်ဖြစ်ပြီး၊ မလေးရှားရင်းဂစ် ၁၅၀ ကို ကျခံရမည်ဖြစ်ကြောင်းသိရှိရပါသည်။

**Source: The Straits Times / The Business Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## အမျိုးသားလုံခြုံရေးဥပဒေကြောင့် အမေရိကန်မှ ကန့်သတ်မှုများ ပြုလုပ်မည်ဖြစ်ရာ အဆိုးဆုံးအခြေအနေကို ပြင်ဆင်ထားသည့်အနေဖြင့် ဟောင်ကောင်ရှိဘဏ်များတွင် ဘဏ်ငွေအပ်သူများစာရင်း ပြန်လည်စိစစ်ခြင်း

အမျိုးသားလုံခြုံရေးဥပဒေကြောင့်တရုတ်လူမျိုးအရာရှိများကိုအမေရိကန်မှ ကန့်သတ်မှုများ ပြုလုပ်မည်ဖြစ်ရာ ဟောင်ကောင်ရှိ ကမ္ဘာလုံးဆိုင်ရာဘဏ်များမှာ ၎င်းတို့၏ဘဏ်ငွေအပ်သူများစာရင်းကို ပြန်လည်ပြုစုလျက်ရှိကြောင်း၊ Citi Group ၊ Goldman Sachs ၊ HSBC နှင့် Standard Charter အစရှိသည့် ဘဏ်ကြီးများမှာ အမေရိကန်မှကန့်သတ်တားမြစ်ထားသည့် နာမည်ပျက်စာရင်းတွင်ပါဝင်သည့်သူများနှင့် စီးပွားရေးလုပ်မိပါက အရှုံးပေါ်နိုင်ကြောင်း၊ ဘဏ်များအနေဖြင့် အမေရိကန်ဘဏ်စနစ်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန် အမေရိကန်၏တားမြစ်ကန့်သတ်သည့်စာရင်းတွင် ပါဝင်သူများ၏ ဘဏ်ငွေအပ်ထားသူများ အကောင့်ကိုပိတ်သိမ်းရမည်ဖြစ်ကြောင်း၊ အမေရိကန်က အသစ်ပြဋ္ဌာန်းလိုက်သည့် Hong Kong Autonomy Act ကြောင့် ဟောင်ကောင်ငွေကြေးနှင့် ဘဏ္ဍာရေးစနစ်ကို ပြောင်းလဲမှုမရှိဟု Hong Kong Monetary Authority (HKMMA) က ပြောကြားခဲ့ကြောင်း၊ အမေရိကန်သမ္မတထရန့်မှ တရုတ်လူမျိုးများအား နာမည်ပျက်စာရင်းသွင်းခြင်းမှာ ရှင်းကျန်း (Xinjiang) ဒေသရှိ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စများနှင့်လည်းဆက်စပ်နေကြောင်း၊ နိုင်ငံရေးအရဖော်ပြထားသောပုဂ္ဂိုလ် (Politically exposed person –PEP) ဟု သိရှိကြသည့် အစိုးရအရာရှိများနှင့် ပတ်သက်နေသည့် ရင်းနှီးမြှုပ်နှံမှုဘဏ်များ၏ ငွေလွှဲပြောင်းမှုများပါဝင်ဆောင်ရွက်သည့် ကုမ္ပဏီများမှာ အမေရိကန်နိုင်ငံ၏ ငွေကြေးကဏ္ဍတွင် ထိရောက်စွာ နှိမ်နင်းနိုင်ရန်အတွက် ဘဏ်များနှင့်ဘဏ်ငွေအပ်သူတို့အကြား ပြန်လည်စိစစ်ဆေးသုံးသပ်ခြင်းကို ပုံမှန်ပြုလုပ်ရာတွင် ပါဝင်မည်ဖြစ် ကြောင်း၊ အမေရိကန်ဘဏ်များဖြစ်သည့် Goldman Sachs နှင့် Morgan Stanley ဘဏ်တို့ သည် နိုင်ငံခြားအဂတိလိုက်စားမှုအလေ့အထအက်ဥပဒေ (Foreign Corrupt Practice Act–FCPA) နှင့် ငြိစွန်းမည်ကို စိုးရိမ်သောကြောင့် မကြာမီနှစ်များကစတင်၍ ကမ္ဘာအနှံ့တွင် အစိုးရအရာရှိများနှင့် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများကို ရှောင်ရှားခဲ့ကြောင်း၊ အမေရိကန်မှ ဟောင်ကောင်အရာရှိများအပေါ် ကန့်သတ်တားမြစ်မှုကြောင့် ဟောင်ကောင်ရှိ စီးပွားရေးဘဏ်များဖြစ်သည့် Citigroup ၊ HSBC နှင့် Standard Charter မှငွေချေးယူထားသည့် ဟောင်ကောင်အစိုးရအရာရှိများနှင့်ပတ်သက်မှုမှာ ပိုမိုရှုပ်ထွေးနိုင်ကြောင်း၊ တရုတ်-အမေရိကန်နိုင်ငံတို့ အကြားတင်းမာမှုများမြင့်တက် လာခြင်းနှင့် Hong Kong Autonomy Act ကြောင့်ဟောင်ကောင်ဒေသအတွက် စိုးရိမ်ဖွယ်ဖြစ်သော်လည်း ဟောင်ကောင်ဒေသအနေဖြင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်ဟုယုံကြည်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ဇူလိုင်လ ၂၀ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Chad Bray က “Preparing for the worst, banks in Hong Kong reviewing client lists as US Preps sanctions over national security law” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

# STOCK EXCHANGE (30.7.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 30th Jul. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +500 | +5.00% | 10,500 | 10,500 | 10,500 | 46 | 483,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,750 | +0 | +0.00% | 3,750 | 3,750 | 3,750 | 11,543 | 43,286,250 | 38,929,150 | 145,984 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 10,400,986 | 85,288 |
| FPB | 00004 | 22,000 | +500 | +2.33% | 22,000 | 22,000 | 22,000 | 59 | 1,298,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | +50 | +1.82% | 2,800 | 2,800 | 2,800 | 14 | 39,200 | 12,823,224 | 35,905 |
| EFR | 00006 | 2,800 | +0 | +0.00% | 2,750 | 2,800 | 2,750 | 543 | 1,517,900 | 19,977,223 | 55,936 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 445.03 | +10.37 | +2.39% | 443.93 | 445.03 | 443.93 | 12,205 | 46,624,350 | 6 | 662,182 |

### Index chart




## Market Overview

As of 1:00 pm, 30th Jul. 2020

| MYANPIX | 445.03 ▲ 10.37 |
|---|---|
| Total Volume (shares) | 12,205 |
| Total Value (MMK) | 47 mil |
| Listed Company | 6 |
| Market Cap. (MMK) | 662,182 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 500 |
| MTSH | 00002 | 3,750 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 500 |
| TMH | 00005 | 2,800 | ▲ 50 |
| EFR | 00006 | 2,800 | ▲ 0 |